# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး
# ၃၉ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၇ - ၉ - ၂၀၁၆ ]
# (အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၉ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများဖြစ်သော လမ်း၊ တံတားများနှင့် ကျောင်း၊ ဆေးရုံ၊ ဈေး စသည့် အဆောက်အအုံများကို ဆောက်လုပ်ခွင့်ရရှိသော ကုမ္ပဏီများအား စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့် မကိုက်ညီပါက အရေးယူခြင်းများကို လုပ်ဆောင်သွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်အတွင်းရှိ မြေလင်းချောင်းကူးရေကျော်ကွန်ကရစ်တံတားအား ပြန်လည်ပြုပြင် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ကယားပြည်နယ်၊ ဘောလခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော မိုင်းထမ်း - ဝမ်ချယ် - နန့်နောက် - ချိုကွဲ့ - စောင်းလော့ - ဝမ်အောင်း လမ်းတွင် ကျန်ရှိနေသေးသော လမ်းပိုင်း ၉ မိုင် ၃.၅ ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆက်လက် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း-

(က) ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

( ခ ) ဦးကင်းရှိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ဂ ) ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်သား ကိုယ်စားလှယ်

(ဃ) ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊
မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

( င ) ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊
တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

( စ ) ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော၊ တပ်မတော်သား ကိုယ်စားလှယ်

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၄၀ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။